




# ဗီယက်နမ်နိုင်ငံဆိုင်ရာ အချက်အလက်များ







# ဗီယက်နမ်နိုင်ငံဆိုင်ရာအချက်အလက်များ

၁။ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံတစ်နိုင်ငံဖြစ်ပြီး မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ဘက်တွင် ထိုင်းပင်လယ်ကွေ့၊ အနောက်ဘက်တွင် လာအို၊ ကမ္ဘောဒီးယားနိုင်ငံတို့နှင့်နယ်နိမိတ်ထိစပ်လျက်ရှိသည်။ အကျယ်အဝန်း ၃၃၁,၆၈၉ စတုရန်းကီလိုမီတာကျယ်ဝန်းပြီး ၂၀၁၈ ခုနှစ်စာရင်းအရ လူဦးရေ ၉၅.၅ သန်းဖြစ်သဖြင့် ကမ္ဘာ့ ၁၅ နိုင်ငံမြောက်လူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်သည်။



## သမိုင်းကြောင်း

၂။ ဗီယက်နမ်နိုင်ငံသည် ၁၁၁ ဘီစီ မှ ၉၃၉ အေဒီအထိ ထောင်စုတစ်ခုနီးပါး တရုတ်နိုင်ငံ၏လက်အောက်ခံဖြစ်ခဲ့ပြီး ၉၃၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံအဖြစ် ဘုရင့်နိုင်ငံ သီးခြားထူထောင်နိုင်ခဲ့သည်။ ဗီယက်နမ်တို့၏လက်နက်နိုင်ငံသည် ၁၉ ရာစုနှစ် ပြင်သစ်တို့ အရှေ့တောင်အာရှသို့ ခြေမဆန့်လာမီအထိ တောင့်တင်းခိုင်မာသော ဘုရင့်နိုင်ငံအဖြစ်ရပ်တည်နိုင်ခဲ့သည်။ ဗီယက်နမ်သည် ၁၉ ရာစုအတွင်း ပြင်သစ်လက်အောက်ခံ ကိုလိုနီနယ်မြေအဖြစ်သို့ရောက်ရှိသွားခဲ့ပြီး ဒုတိယကမ္ဘာစစ်ကာလ ၁၉၄ဝခုနှစ်တွင် ဂျပန်တို့၏ သိမ်းပိုက်ခြင်းကိုခံခဲ့ရသည်။ ၁၉၄၁ ခုနှစ်တွင် ဟိုချီမင်းဦးဆောင်သော မာ့စ်လီနင်ဝါဒ အမျိုးသားကွန်မြူနစ် ဗီယက်မင်းတို့၏ တော်လှန်ရေးစတင်ခဲ့သည်။ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ဗီယက်မင်းတပ်များသည် ဟန္နိုင်းမြို့တော်အား သိမ်းပိုက်ခဲ့ကာ စက်တင်ဘာလ၂ ရက်နေ့တွင် လွတ်လပ်ရေးကြေညာခဲ့သည်။ ဟိုချီမင်းသည် အမေရိကန်လွတ်လပ်ရေးစာတမ်းမှ စာကြောင်းများဖြစ်သည့် "လူသားအားလုံးသာတူညီမျှ အခွင့်အရေးရှိသည်။ ဖန်တီးရှင်သည်ကျွန်တော်တို့အားလုံးကို ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်၊ ပျော်ရွှင်မှုတို့ ဆောင်ကြဉ်းနိုင်ခွင့်စသည့်အခွင့်အရေးများကို ပေးအပ်ထားပြီးဖြစ်သည်" စသည့် အချက်များကို လွတ်လပ်ရေးမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။ သို့သော် ဗီယက်နမ်အား ကိုလိုနီအဖြစ် ပြန်လည်သိမ်းသွင်းလိုသောပြင်သစ်တို့သည် တပ်များစေလွှတ်ခဲ့ရာ ပထမ အင်ဒိုချိုင်းနားစစ်ပွဲစတင်ခဲ့သည်။



ဟိုချီမင်း

၃။ စစ်ပွဲသည် ၁၉၅၄ ခုနှစ်အထိကြာမြင့်ခဲ့ပြီး ၁၉၅၄ ခုနှစ် ဒိန်ဗင်ဖူးတိုက်ပွဲကြီးတွင် ပြင်သစ်တို့အား ဗီယက်နမ်တပ်ဖွဲ့များမှအောင်နိုင်ပြီးနောက်ပိုင်း အပစ်အခတ်ရပ်စဲရေး စတင် ဆွေးနွေးခဲ့သည်။ ဆွေးနွေးပွဲသဘောတူညီချက်အရ ဗီယက်နမ်နိုင်ငံအား ၁၇ ဒီဂရီမျဉ်းပြိုင်ဖြင့် ပိုင်းခြားကာ မြောက်ပိုင်းအား ဟိုချီမင်းဦးဆောင်သော ဗီယက်နမ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ (မြောက်ဗီယက်နမ်)နှင့် တောင်ပိုင်းအား ဘုရင်ဘိုဒိုင်းဦးဆောင်သော ဗီယက်နမ်နိုင်ငံတော် (တောင်ဗီယက်နမ်) အဖြစ် နှစ်နိုင်ငံပိုင်းခြားသတ်မှတ်ခဲ့သည်။

၄။ ၁၉၆၀ပြည့်နှစ်တွင် မြောက်ဗီယက်နမ်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့ စစ်ရေးဆိုင်ရာ သဘောတူညီမှုလက်မှတ်ရေးထိုးပြီးနောက်ပိုင်း တောင်ဗီယက်နမ်နိုင်ငံသမ္မတငိုဒင်ဇင်းသည် တုံ့ပြန်သည့်အနေဖြင့် ကွန်မြူနစ်ဟုသံသယရှိသူပေါင်း ၁၀,၀၀၀ ကျော်အား ဖမ်းဆီးထိန်းသိမ်း ကွပ်မျက်ခြင်းများဆောင်ရွက်ခဲ့သည်။ မြောက်ဗီယက်နမ်မှ ကြေညာချက်အရ တောင်ဗီယက်နမ်တွင် ငိုဒင်ဇင်းအစိုးရလက်ထက် ကွပ်မျက်ခံရသူ ၂၁၈၇ ဦးအထိရှိကြောင်းသိရှိရသည်။

၅။ ၁၉၆၃ခုနှစ်တွင် ဗုဒ္ဓဘာသာဘုန်းတော်ကြီးများဦးဆောင်သည့် အစိုးရဆန့်ကျင်ရေး ဆန္ဒပြပွဲများ တောင်ဗီယက်နမ်တွင် ပေါ်ပေါက်လာခဲ့ပြီး ငိုဒင်ဇင်း၏အုပ်ချုပ်ရေးကို မလိုလားသည့် ဗိုလ်ချုပ်ကြီးဒေါင်ဗန်မင်းဦးဆောင်သည့် တပ်မတော်အရာရှိများ အာဏာသိမ်းမှုဖြစ်ပွားခဲ့ပြီး ငိုဒင်ဇင်းနှင့် ၎င်း၏ညီဖြစ်သူငိုဒင်နုတို့အား ဖမ်းဆီးကွပ်မျက်ခဲ့သည်။



သမ္မတငိုဒင်ဇင်း

၆။ မြောက်ဗီယက်နမ်မှ စိမ့်ဝင်လွှမ်းမိုးလာသောကွန်မြူနစ်အတွေးအခေါ်များနှင့် နိုင်ငံ အတွင်းရှိ ဗီယက်ကောင်းပြောက်ကျားများအား ထိန်းချုပ်နိုင်ရေးအတွက် အမေရိကန်တို့သည်

တောင်ဗီယက်နမ်အစိုးရအား အထောက်အပံ့များစွာပေးအပ်ခဲ့သည်။ ၁၉၆၄ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် တုန်ကင်ပင်လယ်ကွေ့အတွင်း မြောက်ဗီယက်နမ်စစ်သင်္ဘောများက အမေရိကန်စစ်သင်္ဘောတစ်စီးအား ပစ်ခတ်နှစ်မြုပ်ခဲ့သည့် တုံကင်းအရေးအခင်းနှင့်ပတ်သက်ပြီး အမေရိကန်မြေပြင်တပ်ဖွဲ့များသည် စစ်ပွဲသို့ အလုံးအရင်းပါဝင်လာခဲ့သည်။ ဗီယက်နမ်-အမေရိကန် စစ်ပွဲစတင်ခဲ့ကာ ဒုတိယအင်ဒိုချိုင်းနားစစ်ပွဲအဖြစ် သတ်မှတ်ခဲ့သည်။

၇။ အမေရိကန်ချေမှုန်းရေးတပ်ဖွဲ့များလည်း ၁၉၆၅ခုနှစ်တွင် စတင်တပ်စွဲခဲ့သည်။ စစ်ဆင်ရေးသည် နိုင်ငံတကာနယ်နိမိတ်များအထိတိုင်အောင်ပျံ့နှံ့ခဲ့ပြီး လာအိုနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့လည်း အပြင်းအထန်ဗုံးကြဲတိုက်ခိုက်ခံခဲ့ရသည်။ အမေရိကန်တို့၏ စစ်ပွဲတွင်ပါဝင်ပတ်သက်မှုသည် "တက်"ထိုးစစ် (Tet Offensive) ဟုခေါ်သော အချိန်ဖြစ်သည့် ၁၉၆၈ ခုနှစ်တွင် အထွဋ်အထိပ်သို့ ရောက်ရှိခဲ့သည်။ ထိုနောက်ပိုင်းတွင် အမေရိကန်မြေပြင်တပ်များသည် (Vietnamization) ပေါ်လစီအရ တဖြည်းဖြည်း ဆုတ်ခွာလာခဲ့သည်။ ၁၉၇၃ခုနှစ်၊ ဇန်နဝါရီလတွင် ပဲရစ်ငြိမ်းချမ်းရေးသဘောတူညီချက်ကို ပါဝင်တိုက်ခိုက်သူအားလုံးမှ လက်မှတ်ရေးထိုးခဲ့သော်လည်း တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွားခဲ့သည်။

၈။ ဗီယက်နမ်အမျိုးသားတပ်မတော်မှ ဆိုင်းဂုံအား ၁၉၇၅ ခုနှစ်၊ ဧပြီလတွင် သိမ်းပိုက်ပြီးနောက် စစ်ပွဲပြီးဆုံးခဲ့ကာ နောက်တစ်နှစ်တွင် မြောက်ဗီယက်နမ်နှင့် တောင်ဗီယက်နမ်တို့ ပြန်လည်ပေါင်းစည်းခဲ့သည်။ စစ်ပွဲကြောင့် လူ့အသက်ပေါင်းများစွာဆုံးရှုံးခဲ့ရသည်။ ဗီယက်နမ်စစ်သားနှင့် ပြည်သူအားလုံးပေါင်းသေဆုံးမှုမှာ ၁ သန်းမှ ၃ သန်းအထိရှိခဲ့သည်။ ကမ္ဘောဒီးယားလူမျိုး ၂ သိန်းမှ ၃သိန်းအထိနှင့် လာအိုလူမျိုး ၂သောင်းမှ ၂သန်းကြားသေဆုံးခဲ့ရသည်။ အမေရိကန်စစ်သားပေါင်း ၅၈,၂၂၀ လည်း စစ်ပွဲအတွင်းသေဆုံးခဲ့ရသည်။

၉။ ဗီယက်နမ်နိုင်ငံပေါင်းစည်းပြီးနောက် ၁၉၇၉ ခုနှစ်တွင် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် သဘောတရားရေးရာကွဲလွဲမှုများ၊ ဗီယက်နမ်နှင့်ဆိုဗီယက်တို့နီးစပ်မှုများအပေါ် တရုတ်နိုင်ငံ၏ မကျေနပ်ချက်များ၊ ကမ္ဘောဒီးယားနိုင်ငံရှိ မော်ဝါဒီပိုပေါ့၏ခမာနီအစိုးရအား ဗီယက်နမ်တပ်များမှ ဖြုတ်ချခဲ့ခြင်းစသည့်အချက်များစုပေါင်းကာ တရုတ်-ဗီယက်နမ်စစ်ပွဲ (တတိယအင်ဒိုချိုင်းနားစစ်)

စတင်ခဲ့သည်။ တရုတ်တပ်သား ၂ သိန်းကျော် ဗီယက်နမ်နိုင်ငံအတွင်း ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး စစ်ပွဲသည် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှ မတ်လ ၁၆ ရက်နေ့အထိ ၁လခန့်ကြာမြင့်ခဲ့ပြီးနောက် တရုတ်တပ်များ ဗီယက်နမ်နိုင်ငံမှ ပြန်လည်ဆုတ်ခွာခဲ့ရသည်။ စစ်ပွဲတွင် တရုတ်စစ်သည် ၇ သောင်းခန့် သေဆုံးခဲ့ပြီး ဗီယက်နမ်စစ်သည်နှင့် ပြည်သူ ၁ သိန်းကျော်သေဆုံးခဲ့သည်။

၁၀။ ဗီယက်နမ်နိုင်ငံသည် ကွန်မြူနစ်အစိုးရလက်အောက်တွင် ပေါင်းစည်းသွားခဲ့သော်လည်း ဆင်းရဲမွဲတေပြီး နိုင်ငံရေးအရအထီးကျန်ဖြစ်နေခဲ့သည်။ ၁၉၈၆ ခုနှစ်တွင် အစိုးရမှ စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆက်တိုက်ပြုလုပ်ခဲ့ပြီး ထိုအချိန်မှစ၍ ဗီယက်နမ်သည် ကမ္ဘာ့စီးပွားရေးနှင့် စတင်ပေါင်းစည်းခြင်းလမ်းစပေါ်သို့ ရောက်ရှိခဲ့သည်။ ၂၀၀၀ ပြည့်နှစ်သို့ ရောက်သောအခါတွင် နိုင်ငံအားလုံးနှင့် သံတမန်ဆက်ဆံရေးတည်ဆောက်နိုင်ခဲ့သည်။ ၂၀၀၀ ခုနှစ်မှစ၍ ဗီယက်နမ်နိုင်ငံ၏စီးပွားရေးမှာ ကမ္ဘာပေါ်တွင် တိုးတက်မှုနှုန်းအမြင့်ဆုံးနိုင်ငံများတွင် ပါဝင်လာခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် အဓိကစီးပွားရေးနိုင်ငံ ၁၁ နိုင်ငံထဲတွင် ကမ္ဘာပေါ်တွင် တိုးတက်မှုနှုန်းအဖော်ဆောင်နိုင်ဆုံးနိုင်ငံအဖြစ် ထိပ်ဆုံးမှရပ်တည်ခဲ့သည်။ ၎င်းတို့၏ အောင်မြင်သောစီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ၂၀၀၇ ခုနှစ်တွင် ဝင်ရောက်နိုင်ခဲ့သည်။ ဗီယက်နမ်သည် ကမ္ဘာပေါ်ရှိ တစ်ပါတီစနစ်ကျင့်သုံးပြီး ကွန်မြူနစ်စနစ်ကို လက်ခံကျင့်သုံးသောနိုင်ငံ ၄ နိုင်ငံတွင် တစ်နိုင်ငံအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။

**အစိုးရနှင့်နိုင်ငံရေး**

၁၁။ ဗီယက်နမ်နိုင်ငံသည် တရုတ်၊ ကျူးဘား၊ လာအိုနိုင်ငံတို့နည်းတူ တစ်ပါတီကွန်မြူနစ်စနစ် ကျင့်သုံးသောနိုင်ငံတစ်နိုင်ငံဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဗီယက်နမ် ကွန်မြူနစ်ပါတီသည် နိုင်ငံ၏အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့်လူမှုကဏ္ဍများအားလုံးအတွက် အဓိက ကျသောအဖွဲ့အစည်းပင်ဖြစ်သည်။ ပါတီ၏အထွေထွေအတွင်းရေးမှူးသည် အုပ်ချုပ်ရေး၊ မူဝါဒ ရေးဆွဲရေး၊ နိုင်ငံတော်အဆင့်ရာထူးခန့်ထားရေးကိစ္စရပ်များအားလုံးကို ချုပ်ကိုင်ထားသည်။ ကွန်မြူနစ်ပါတီနှင့်ဆက်နွယ်နေသော (သို့မဟုတ်) လက်အောက်ခံအဖွဲ့အစည်းများဖြစ်သည့်

Vietnamese Fatherland Front ပါတီနှင့် Trade unionist ပါတီတို့သာ တရားဝင်နိုင်ငံရေးပါတီများအဖြစ် ရပ်တည်လျက်ရှိသည်။

၁၂။ ဥပဒေပြုရေးအပိုင်းတွင် အမျိုးသားလွှတ်တော်(National Assembly)သည် အဓိကအစိတ်အပိုင်းဖြစ်သည်။ ကိုယ်စားလှယ် ၄၉၈ ဦးပါဝင်ပြီး သက်တမ်းမှာ ၅ နှစ် သက်တမ်းဖြစ်သည်။ National Assemblyသည် သမ္မတ၊ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ၂၁ ဦးအား ရွေးချယ်ခန့်အပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်း၊ ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်းဆိုင်ရာများနှင့် ဥပဒေများပြင်ဆင်အတည်ပြုရေးဆွဲခြင်းဆိုင်ရာများအား ဆောင်ရွက်ပေးသည်။ National Assemblyတွင် ဗီယက်နမ်ကွန်မြူနစ်ပါတီမှ ကိုယ်စားလှယ် ၄၇၅ ဦး အထိပါဝင်လျက်ရှိသည်။ တစ်နည်းအားဖြင့် National Assembly သည် ဗီယက်နမ်ကွန်မြူနစ်ပါတီပေါ်လစ်ဗျူရို၏ ဥပဒေပြုရေးအစိတ်အပိုင်းတစ်ရပ်ဟုသတ်မှတ်နိုင်သည်။

၁၃။ အုပ်ချုပ်ရေးပိုင်းကို ကော်မတီဝင် ၁၅၀ ဦးပါဝင်သော ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟိုကော်မတီမှချုပ်ကိုင်ထားပြီး အဆိုပါ ၁၅၀ အနက် မှ ၁၅ ဦးအား ပေါ်လစ်ဗျူရိုအဖွဲ့ဝင်များအဖြစ် ၅နှစ်လျှင်တစ်ကြိမ်ရွေးချယ်တင်မြှောက်သည်။ အစိုးရအဖွဲ့၏ အဆင့်မြင့်ရာထူးအားလုံးကိုပါတီဝင်များကသာရယူထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတသည် နိုင်ငံအကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်သည်။ လက်ရှိသမ္မတ Nguyễn Phú Trọng မှာ နိုင်ငံတော်၏အကြီးအကဲဖြစ်ပြီး အစိုးရအဖွဲ့အကြီးအကဲမှာ လက်ရှိဝန်ကြီးချုပ် Nguyễn Xuân Phúc ဖြစ်သည်။



သမ္မတ Nguyễn Phú Trọng



ဝန်ကြီးချုပ်   Nguyễn Xuân Phúc

**စီးပွားရေး**

၁၄။   ဗီယက်နမ်နိုင်ငံသည် စီးပွားရေးတွင် ဖွံ့ဖြိုးမှုမြန်ဆန်သောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၉ ခုနှစ်၏ GDP မှာ အမေရိကန်ဒေါ်လာ၂၆၁ ဘီလီယံအထိရှိခဲ့ပြီး  ၂၀၂၅ ခုနှစ်၌ ကမ္ဘာပေါ်တွင် ၂၁ နိုင်ငံမြောက် စီးပွားရေးဖွံ့ဖြိုးမှုအားအကောင်းဆုံးနိုင်ငံအဖြစ် ရောက်ရှိလာမည်ဟုခန့်မှန်းကြသည်။

၁၅။   ၁၉၈၆ ခုနှစ်တွင်  socialist-oriented market စနစ်ကို ဗီယက်နမ်နိုင်ငံနှင့် စတင်မိတ်ဆက်ပေးသည့် ĐổiMới ပြုပြင်ပြောင်းလဲရေးအစီအစဉ်စတင်ခဲ့ပြီးနောက်ပိုင်း စီးပွားရေးမှာ အလျှင်အမြန်တိုးတက်လာခဲ့သည်။ နည်းပညာသုံးပစ္စည်းများထုတ်လုပ်ခြင်းနှင့်  စက်ပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများသည်  နိုင်ငံစီးပွားရေးအတွက်  အရေးပါသောထုတ်ကုန်များအဖြစ်သို့ တဖြည်းဖြည်းရောက်ရှိလာသည်။ ဗီယက်နမ်သည် ရေနံထုတ်လုပ်ရေးကဏ္ဍသို့လည်း စတင်ဝင်ရောက်လာလျက်ရှိပြီး  ၂၀၁၁ ခုနှစ်စာရင်းအရ တစ်နေ့လျှင် ရေနံစည်ပေါင်း ၃၁၈,၀၀၀ အထိ ထုတ်လုပ်လျက်ရှိကာ အရှေ့တောင်အာရှတွင် တတိယနေရာတွင်ရှိပါသည်။ ထို့ပြင် စက်သုံးဆီ

ထုတ်လုပ်မှုတွင်လည်း အာရှ-ပစိဖိတ်ဒေသအတွင်း ၈ နိုင်ငံမြောက် အများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်သည်။

၁၆။ ဆင်းရဲမွဲတေမှုနှုန်းမှာ အိမ်နီးချင်းတရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့ထက် လျော့နည်းပြီး အလုပ်လက်မဲ့နှုန်းမှာ ၄.၄ ရာခိုင်နှုန်းရှိသည်။ ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ချုပ်အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် ဥရောပသမဂ္ဂနှင့် လွတ်လပ်စွာ ကုန်သွယ်ရေးသဘောတူညီမှုစာချုပ်ချုပ်ဆိုနိုင်ခဲ့သဖြင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် လွတ်လပ်စွာ ကုန်သွယ်ခွင့်ရရှိလျက်ရှိသည်။

**လူမှုရေး**

၁၇။ ၂၀၁၉ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ လူဦးရေ ၉၅.၅ သန်းခန့်ရှိပြီး အဆိုပါလူဦးရေအနက် ၇၃သန်းမှာ ဗီယက်လူမျိုးများဖြစ်ကာ နိုင်ငံ့လူဦးရေ၏ ၈၅ရာခိုင်နှုန်းခန့်ရှိပါသည်။ ဗီယက်နမ် နိုင်ငံတွင် လူမျိုးစု ၅၄ စုအထိရှိကာ အဓိကအားဖြင့် မုန်၊ ဒါအို၊ တော၊ တိုင်နှင့် နမ် လူမျိုးစုများ ဖြစ်သည်။ တရုတ်မျိုးနွယ် ဟွာလူမျိုးစုများနှင့် ခမာများလည်း လူနည်းစုအဖြစ်ရှိနေပါသည်။

၁၈။ အကြီးဆုံးနှင့်လူဦးရေအထူထပ်ဆုံးမြို့မှာ ဟိုချီမင်းစီးတီးဖြစ်ပြီး လူဦးရေ၈သန်းကျော် နေထိုင်သည်။ မြို့တော်ဟနွိုင်းတွင် လူဦးရေ ၇သန်းခန့်နေထိုင်သည်။ ရုံးသုံးဘာသာစကားမှာ မွန်-ခမာဘာသာစကားမှဆင်းသက်လာသည့် ဗီယက်နမ်ဘာသာစကားဖြစ်ပြီး နိုင်ငံအတွင်း အများဆုံးသုံးစွဲပြောဆိုသော ဘာသာစကားလည်းဖြစ်သည်။ နိုင်ငံ့လူဦးရေ၏ ၇၃.၂ ရာခိုင်နှုန်းမှာ ရိုးရာကိုးကွယ်မှုဖြစ်ပြီး ဗုဒ္ဓဘာသာ ၁၂.၂ ရာခိုင်နှုန်း၊ ခရစ်ယာန် ၈.၃ရာခိုင်နှုန်းနှင့် အခြားဘာသာ ကိုးကွယ်သူများလည်းရှိပါသည်။

## မြန်မာနိုင်ငံနှင့်ဆက်ဆံရေး

၁၉။ ဗီယက်နမ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သံတမန်အဆင့်နှင့်ဆက်ဆံရေးကို ၁၉၇၅ ခုနှစ်၊ မေလ ၂၈ ရက်နေ့မှ စတင်၍ နှစ်နိုင်ငံဆက်ဆံရေးကို တိုးမြှင့်ခဲ့သည်။ နိုင်ငံတော်အဆင့်မှစ၍ အရာထမ်းအဆင့်အထိ အပြန်အလှန်ခရီးစဉ်များကို လည်ပတ်ခဲ့ကြပြီးဖြစ်သည်။ ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခဲ့သော နိုင်ငံတော်အဆင့်နှင့် အစိုးရခရီးစဉ်များမှာ ဝန်ကြီးချုပ် Vo Van Kiet သည် ၁၉၉၄ ခုနှစ်တွင်လည်းကောင်း၊ အထွေထွေအတွင်းရေးမှူးချုပ် Do Muoi သည် ၁၉၉၇ ခုနှစ်တွင်လည်းကောင်း၊ ဝန်ကြီးချုပ် Phan Van Khai သည် ၂၀၀၀ ခုနှစ်တွင် လည်းကောင်း၊ သမ္မတ Tran Duc Luong သည် ၂၀၀၂ ခုနှစ်တွင်လည်းကောင်း၊ ဝန်ကြီးချုပ် Nguyen Tan Dung သည် ၂၀၀၇ ခုနှစ်တွင်လည်းကောင်း၊ သမ္မတ Truong Tan Sang သည် ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ ဗီယက်နမ်အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Nguyen Sinh Jung သည် ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယသမ္မတ Nguyen Thi Doan သည် ၂၀၁၅ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ Madam Nguyen Thi Kim Ngan သည် ၂၀၁၆ ခုနှစ်တွင်လည်းကောင်း၊ ဝန်ကြီးချုပ် Nguyen Xuan Phuc သည် ၂၀၁၉ ခုနှစ်တွင်လည်းကောင်းအသီးသီး လာရောက်လည်ပတ်ခဲ့သည်။

၂၀။ မြန်မာနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သွားရောက်ခဲ့သော နိုင်ငံတော်အဆင့်နှင့် အစိုးရခရီးစဉ်များမှာ နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ၂၀၁၂ ခုနှစ်၊ ဇွန်လတွင်လည်းကောင်း၊ ဒုတိယသမ္မတ ဦးညာဏ်ထွန်းသည် ၂၀၁၃ ခုနှစ်တွင်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလတွင်လည်းကောင်း၊ နိုင်ငံတော်သမ္မတဦးထင်ကျော်သည် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလတွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ၂၀၁၇ ခုနှစ်၊ မေလတွင်လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် ၂၀၁၈ ခုနှစ်၊ ဧပြီလ

၁၉ ရက်နေ့မှ ၂၀ ရက်နေ့အထိလည်းကောင်း၊ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့်ဇနီးဒေါ်ချိုချို ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင်လည်းကောင်း အသီးသီးသွားရောက်ခဲ့ပါသည်။

၂၁။ မြန်မာနိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက် နေ့မှ ၂၈ ရက်နေ့အထိ ဗီယက်နမ်နိုင်ငံခရီးစဉ်တွင် စိုက်ပျိုးရေး၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ တရားမျှတရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်းများအပါအဝင် နှစ်နိုင်ငံ ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ရန် သဘောတူညီခဲ့သည်။

၂၂။ ဗီယက်နမ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် ဒေသတွင်းအာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့်နှင့်အညီ နွေးထွေးသောဆက်ဆံရေးတစ်ရပ်တည်ဆောက်ထားရှိပြီးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် လက်ခံကျင်းပပြုလုပ်သော (၂၄)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်လာရောက်ခဲ့ကာ မြန်မာနိုင်ငံနှင့် ကုန်သွယ်ရေး၊ စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ဆွေးနွေးမှုများဆောင်ရွက်ခဲ့သည်။

၂၃။ ၂၀၁၃ ခုနှစ်တွင်လည်း မြန်မာနှင့်ဗီယက်နမ် နှစ်နိုင်ငံကြားကာကွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်း၊ စက်သုံးဆီနှင့် သတ္တုတူးဖော်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီမှုရရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် နှစ်နိုင်ငံကြားကုန်သွယ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၀ သန်းအထိ မြင့်တက်လာခဲ့သည်။

၂၄။ ဗီယက်နမ်နိုင်ငံသည် မြန်မာနိုင်ငံတွင် သတ္တမမြောက်အကြီးမားဆုံးရင်းနှီးမြှုပ်နှံသည့်နိုင်ငံဖြစ်ပြီး ဗီယက်နမ်၏ မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၂.၂ ဘီလီယံ တန်ဖိုးရှိသည်။ လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုပြုလုပ်လျက်ရှိသည့် ဗီယက်နမ်ကုမ္ပဏီ ၁၈ ခုရှိပါသည်။

## မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီး Mr. Ly Quoc Tuan ၏ကိုယ်ရေးအကျဉ်း



**Mr. Ly Quoc Tuan** ကို ၁၉၆၂ ခုနှစ်၊ မတ်လ ၁၂ရက်နေ့တွင် ဗီယက်နမ်နိုင်ငံ Ha Nam ခရိုင်တွင်မွေးဖွားခဲ့ပါသည်။ ၎င်းသည် ၁၉၈၄ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ သံတမန်ရေးရာ သင်တန်းကျောင်းတွင် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာဘွဲ့ရရှိခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၊ သံတမန်ရေးရာသင်တန်းကျောင်းတွင် နိုင်ငံတကာဆက်ဆံရေးဆိုင်ရာမဟာဘွဲ့ ရရှိခဲ့ပါသည်။

၎င်းသည် ၁၉၈၅ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဌာနတွင် အရာရှိအဖြစ်လည်းကောင်း၊ ၁၉၉၃ ခုနှစ်မှ ၁၉၉၄ ခုနှစ်အထိ ဟောင်ကောင်မြို့ရှိ ဗီယက်နမ်သံရုံးတွင် အကြီးအကဲအဖြစ်လည်းကောင်း၊ ၁၉၉၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဌာနတွင် ဒုတိယဌာနခွဲမှူးအဖြစ်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အမေရိကန်နိုင်ငံရှိ ဗီယက်နမ်သံရုံးတွင် ပထမအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၂ ခုနှစ် အထိ ဗီယက်နမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဌာနတွင် ဒုတိယဌာနခွဲမှူးအဖြစ် လည်းကောင်း၊ ၂၀၀၂ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၏အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၆ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ၊

နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ပရောက်ဗီယက်နမ်နိုင်ငံသားများဆိုင်ရာ ကော်မရှင်ရုံးတွင် ဒုတိယညွှန်ကြားရေးမှူးအဖြစ်လည်းကောင်း၊ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် အထိ ချက်နိုင်ငံရှိ ဗီယက်နမ်သံရုံးတွင်လည်းကောင်း၊ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် လည်းကောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ဗီယက်နမ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံသံအမတ်ကြီးအဖြစ်လည်းကောင်း အသီးသီး တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှစတင်၍ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်နိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။